ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၁၄/၂၀၂၁)

၂၀၂၁ ခုနှစ်၊ မေလ(၂၁) ရက်

PPTT အပတ်စဉ် (၇) သင်တန်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း

(၁) အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနအနေဖြင့် အားလုံးပါဝင်နိုင်မည့် ကြားကာလ ပညာရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

(၂) ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြေခံပညာသင်ကြားရေးအတွက် စေတနာ့ဝန်ထမ်း ဆရာ/ဆရာမများလိုအပ်လျက်ရှိရာ ယခင်အစိုးရလုပ်ငန်းခွင်အကြို မူလတန်းဆရာဖြစ်သင်တန်း (PPTT) ဝင်ခွင့် အပတ်စဉ်(၇)ကို ဖြေဆိုအောင်မြင်ထားကြသော ဘွဲ့ရလူငယ်မောင်မယ်များကိုလည်း ပူးပေါင်းပါဝင်ကြရန် ဖိတ်ခေါ် ပါသည်။

(၃) အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာဖြစ်သင်တန်းကို ဆက်လက်သင်ကြား နိုင်ရန် စီစဉ်လျက်ရှိပြီး မျိုးဆက်သစ် ဆရာ၊ဆရာမများကို ဆက်လက်မွေးထုတ်ပေးသွားပါမည်။

(၄) သို့ဖြစ်ပါ၍ PPTT အပတ်စဉ်(၇) ဖြေဆိုအောင်မြင်ထားကြသော လူငယ်မောင်များအနေဖြင့် အကြမ်းဖက် စစ်ကောင်စီက ဖွင့်လှစ်သော မည်သည့်ဆရာဖြစ်သင်တန်းကိုမှ ဆက်လက် တက်ရောက်ခြင်းမပြုဘဲ အမျိုးသား ညီညွတ်ရေးအစိုးရ၏ ကြားကာလပညာရေးအစီအစဉ်များတွင် အင်တိုက်အားတိုက်ပူးပေါင်းပါဝင်ပေးကြပါရန် အလေးအနက် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

(၅) ပူးပေါင်းပါဝင်သော PPTT အပတ်စဉ်(၇)အောင် လူငယ်မောင်မယ်များကို ပြည်သူ့အစိုးရအနေဖြင့် အမြဲတမ်း ဝန်ထမ်းအဖြစ်ဆက်လက် ခန့်အပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(ပုံ)
ဒေါက်တာဇော်ဝေစိုး
ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ